# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 1, 2020 Volume 35, Number 1


**၁.၉.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၉၀ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၄၃/- ကျပ် |
| CBM Rate | = ၁၃၂၃.၂ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၃.၉ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၉၇၄.၇၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၇.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၅၁.၅ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၉၇၇.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၃.၈၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၁၂၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၁.၇၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၉.၄၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၅၆၀ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဆန်ဝယ်ယူစုဆောင်းမှုများရှိသော်လည်း ဆန်လက်ကျန်များနေ၍ စိုးရိမ်စရာမရှိဟု ဆန်စပါးအသင်းချုပ်ဒုဥက္ကဋ္ဌပြော

COVID–19 ကပ်ရောဂါ တစ်ကျော့ပြန်ကူးစက်လာချိန်တွင် ဆန်ဝယ်ယူစုဆောင်းမှုများ ရှိနေသော်လည်း ပြည်တွင်းဆန်လက်ကျန်များခြင်းကြောင့် စိုးရိမ်စရာ မလိုကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးကပြောသည်။ ယခုနှစ်အတွက် ပြည်တွင်းစားသုံးရန် ဆန်လက်ကျန် ရှစ်လစာခန့်ကျန်ရှိနေသဖြင့် ဆန်ရိက္ခာအတွက် စိုးရိမ်စရာမလိုကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌလည်းဖြစ်သူ ဦးအောင်သန်းဦးက ပြောကြားသည်။ 'မကြာခင်မှာလည်း ဆန်သစ်တွေပေါ်တော့မှာဆိုတော့ စိုးရိမ်စရာလုံးဝမရှိဘူး။ ပြည်တွင်းစားသုံးမှုအတွက် ဆန်က ဖူလုံတဲ့အပြင် ပိုလျှံပါတယ်'' ဟု ၎င်းကပြောသည်။ မြန်မာနိုင်ငံ၏ စိုက်ဧက ၁၇ သန်းမှ ထုတ်လုပ်မည့် မိုးစပါးများက လာမည့် ၄၅ ရက်တွင် ပြည်တွင်း ဆန်ဈေးကွက်အတွင်းသို့ အလုံးအရင်းဖြင့် ထပ်မံဝင်လာမည်ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းစားနပ်ရိက္ခာဖြစ်သောဆန်အတွက် စိတ်ပူစရာမလိုကြောင်း ဆန်စပါးအသင်းချုပ်ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမျိုးသူရအေးက ပြောသည်။

မြန်မာနိုင်ငံတွင် တစ်လဆန်စားသည့်ပမာဏ တန်ချိန်ခုနစ်သိန်းခန့်လိုအပ်ပြီး မုန့်ဖတ်၊ ကြာဆံစသော ထုတ်ကုန်များအတွက် တန်ချိန်တစ်သိန်းကျော်သုံးစွဲသည်။ ဆန်ထုတ်လုပ်မှုသည် တစ်နှစ်လျှင် တန်ချိန် ၁၄ သန်းရှိပြီး ပြည်တွင်းစားသုံးမှုနှင့် သုံးစွဲမှုက တန်ချိန် ၁၀ သန်းနီးပါးသာ လိုအပ်သဖြင့် နှစ်စဉ် ဆန်တန်ချိန် သုံးသန်းကျော်မှ လေးသန်းနီးပါးအပိုရှိနေပြီး ပြည်ပသို့ရောင်းချမှုက ဆန်တန်ချိန် နှစ်သန်းခွဲနီးပါးသာ ရှိသည်။ ပြီးခဲ့သည့်နှစ် ဆန်လက်ကျန်များဖြင့် စုပေါင်းလိုက်လျှင် ပြည်တွင်းစားနပ်ရိက္ခာအတွက် စိုးရိမ်စရာမရှိပေ။ ထို့အပြင် နိုင်ငံတော်ကဝယ်ယူထားသော အရန်ဆန်များလည်းကျန်ရှိနေသည်။ COVID–19 ကပ်ရောဂါအပေါ် စိုးရိမ်မှုဖြင့် ပေါ်ဆန်းအမျိုးအစား ဆန်ချောများ ဝယ်ယူစုဆောင်းမှုကြောင့် လက်ကားဈေးကွက်တွင် ဆန်တစ်အိတ်လျှင် ကျပ် ၁,၅၀၀ ခန့် ဈေးမြင့်တက်လာသည်။

လက်ရှိ ပြည်တွင်းဈေးကွက်တွင် ပေါ်ဆန်းအမျိုးအစား ဆန်ချောတစ်အိတ်လျှင် ကျပ် ၃၈,၅၀၀ မှ ကျပ် ၄၁,၀၀၀ အကြား ဈေးဖွင့်သည်။ ဆန်ချော ဈေးတက်သော်လည်း အစိုးရက အရန်ဆန်တန်ချိန် ငါးသောင်းကို ဆန်တစ်အိတ်လျှင် ကျပ် ၂၂,၈၀၀ ဖြင့် လက်လီအရောင်းဆိုင်များကို ရောင်းချပေးနေခြင်းကြောင့် ဆန်ကြမ်းဈေးမြင့်တက်မှု မရှိကြောင်း ဦးအောင်သန်းဦးကပြောသည်။ လက်ကားဈေးကွက်တွင် ဆန်ကြမ်း တစ်အိတ်လျှင် ကျပ် ၂၇,၀၀၀ အမြင့်ဆုံးဈေးဖွင့်သည်။ မိုးတွင်းကာလ ပြည်ပတင်ပို့မှု လျော့ကျနေခြင်းကြောင့် ရန်ကုန် ဈေးကွက်တွင် ဆန်ကြမ်းဈေးတည်ငြိမ်နေသည်။

**Source:** https://7day.news/detail?id=197433

## တရုတ်ယွမ် ငွေလဲနှုန်းများကျဆင်းခြင်းကြောင့် မူဆယ်သို့ဆန်တင်ပို့မှုလျော့ကျ



တရုတ်ယွမ်ငွေလဲနှုန်းများ ကျဆင်းခြင်းကြောင့် မူဆယ်သို့ ဆန်တင်ပို့မှု သုံးပုံတစ်ပုံခန့် လျော့ကျလျက်ရှိကြောင်း မူဆယ် ဆန်ကုန်စည်ဒိုင်မှ ဒုတိယဥက္ကဋ္ဌဦးမင်းသိန်း၏ ပြောကြားချက်အရ သိရသည်။ ''အခုတရုတ်ယွမ်ဈေးတွေကကျတော့ ပုံမှန်ထက် စာရင် အရောင်းအဝယ်နည်း နည်းအေးသွားတယ်။ တင်ပို့မှု ကလည်း ပြီးခဲ့တဲ့ ၁၀ ရက်ကထက်စာရင် အိတ်ရေ တစ်သောင်းလောက် လျော့ကျသွားတယ်။ ဆန်ကားတွေ တရုတ်ကို ဝင်မယ် ဆိုရင် တန်းစီနေရတဲ့ အခက်အခဲတော့ရှိသေးတယ်'' ဟု ဦးမင်းသိန်းက ပြောသည်။

ယခင်က ငွေကျပ် ၁၀၀၀ လျှင် တရုတ်ယွမ် ၅ ဒသမ ၁ ယွမ်ရှိရာမှ လတ်တလောတွင် ၅ ဒသမ ၅ ယွမ်အထိ ကျဆင်းခဲ့ပြီး ဩဂုတ် ၃၁ ရက်တွင် ဆန်ကွဲတစ်အိတ်လျှင် ယွမ် ၁၂၀၊ သုခနှင့် ငစိန်တစ်အိတ်လျှင် ယွမ် ၁၃၀ အထိ ဈေးနှုန်းရှိနေကြောင်း သိရသည်။ ''ဆန်သစ်တွေပေါ်လာမှပဲ အရောင်းအဝယ်ပြန်ကောင်းနိုင်တော့မယ်။ ဆန်သစ်တွေ ပေါ်လာပြီဆိုရင် တော့ ဈေးလည်းကျလာနိုင်တယ်။ စက်တင်ဘာတစ်လလုံး ဒီလိုပဲအေးနေဦးမှာပါ။ အောက်တိုဘာလဆန်းလောက်မှပဲ အရောင်းအဝယ်ပြန်ကောင်းနိုင်မယ်'' ဟု ဦးမင်းသိန်းကပြောသည်။

လတ်တလောတွင် တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိထားသည့် ကုမ္ပဏီ ၄၃ ခုရှိပြီး စာရွက်စာတမ်း စုံလင်သည့် ကုမ္ပဏီ ၁၀ ခုဝန်းကျင်မှ တင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။ ဩဂုတ် ၂၅ ရက်မှစ၍ တရုတ်နိုင်ငံ ကျယ်ဂေါင်ဘက်မှ မြန်မာနိုင်ငံသားပိုင် ဂိတ် ၁၀၀ ကျော်ကို ၁၀ ရက်အတွင်း လိုင်စင်သက်တမ်းတိုးရမည်ဖြစ်ရာ အနည်းဆုံးတရုတ်နိုင်ငံသား တစ်ဦးမှ ရှယ်ယာ ၅၀ ရာခိုင်နှုန်းအထိ ပါရှိရမည်ဖြစ်ပြီး တရုတ်နိုင်ငံသား အမည်ခံမှသာ ခွင့်ပြုမည်ဟု အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/1315

## ဥရောပ၏ နွေဦးရာသီဝတ် အပ်ထည်အမှာများ ထက်ဝက်ကျော်လျော့ကျ




ကမ္ဘာ့ကပ်ရောဂါ COVID – 19 ဖြစ်ပွားနေစဉ်အတွင်း ဥရောပနိုင်ငံများ၏ နွေဦးရာသီဝတ် အပ်ထည်အမှာများ ထက်ဝက်ခန့် လျော့ကျလာသောကြောင့် ပြည်တွင်း အထည်ချုပ် လုပ်ငန်းများမှာ အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးကျော်ဝင်းက ဧရာဝတီသို့ ပြောသည်။ "အပ်တဲ့ အော်ဒါက ရာခိုင်နှုန်း၂၀ နဲ့ ၂၅ ရာခိုင်နှုန်းလောက်ပဲရှိတယ်။ ၇၅ ရာခိုင်နှုန်းလောက်က မသေချာဘူး။ အခုချုပ်နေတဲ့ ဆောင်းတွင်းဝတ်အော်ဒါကလည်း ခါတိုင်းနှစ်လို စက်တင်ဘာ၊ အောက်တိုဘာလကုန်တဲ့အထိကိုမရှိဘူး။ နောက်တခါ နွေဝတ်တဲ့ အော်ဒါ အမှာကလည်း ဘာမှသေချာတဲ့ အော်ဒါမရှိသေးဘူး" ဟု ၎င်းက လက်ရှိအခြေအနေကို ရှင်းပြသည်။

ပြည်တွင်းရှိ အထည်ချုပ်စက်ရုံများသည် အာရှနိုင်ငံများ၏ အော်ဒါအမှာထက် အမေရိကန်နှင့်ဥရောပနိုင်ငံများ၏ အော်ဒါများကို အားကိုးလုပ်ဆောင်နေပြီး ယခုလို အော်ဒါအမှာများမသေချာသဖြင့် စက်ရုံလုပ်သားအင်အားလျှော့ချခြင်း၊ ယာယီ ပိတ်သိမ်းခြင်း၊ အပြီးပိတ်သိမ်းခြင်းများပြုလုပ်မည့်စက်ရုံများ၏ သတင်းများကို ကြားသိနေရကြောင်း ၎င်းကဆိုသည်။ *ယခုအချိန်သည် ဆောင်းတွင်းဝတ် အော်ဒါ အမှာများကို သိမ်းပြီး နွေဦးရာသီဝတ် အပ်ထည်များကို ချုပ်လုပ်ရမည့် အချိန်*

*ဖြစ်သော်လည်း လက်ရှိအချိန်အထိ အော်ဒါအမှာစာများ မရှိသေးကြောင်းသိရသည်။* အထည်ချုပ် စက်ရုံပိုင်ရှင် ဦးအောင်မျိုးဟိန်းက "တချို့သော ရုံတွေမှာက အော်ဒါ လုံးဝမရှိတော့တဲ့ အနေအထားဖြစ်သွားတယ်။ ရာခိုင်နှုန်းအနေနဲ့က အသင်းကနေ စစ်တမ်းလိုက်ကောက်နေတယ်။ ဒီနှစ်က ဆောင်းရာသီကလည်း အခြေအနေက သိပ်ပြီးတော့ အနေအထား မကောင်းတော့ အခုတလော သိုးမွေးထည်နဲ့ဂျာကင်တွေလုပ်တဲ့ စက်ရုံ တော်တော်များများကထိကြတယ်" ဟု ဧရာဝတီသို့ ပြောသည်။

လက်ရှိ စက်မှုဇုန်တချို့ရှိ အထည်ချုပ်စက်ရုံအနည်းစုက အချိန်ပိုခေါ်ဆင်းခြင်းများကလည်း ကိုဗစ်ကာလအတွင်း ကန့်သတ်ချက်များကြောင့် အလုပ်ချိန်၊ လူအင်အားစသည်တို့ကို ညှိနှိုင်းဆောင်ရွက်ရခြင်းကြောင့် ယခင်ရှိပြီးသား အော်ဒါ အမှာများပေးရန် ဆင်းခိုင်းဖြစ်ပြီး စက်ရုံအများစုက ယခုအချိန်တွင် အချိန်ပိုဆင်းခိုင်းခြင်းမရှိတော့ကြောင်း ၎င်းကဆိုသည်။ ဦးအောင်မျိုးဟိန်းက "တကယ်ကို အလုပ်ရှိလို့ အချိန်ပိုဆင်းရတဲ့ စက်ရုံက အခုကရှားတယ်။ အခုကတော့ အထည်ချုပ် လုပ်ငန်းက အော်ဒါအမှာ ၅၀ ရာခိုင်နှုန်း လောက်ကျတယ်။ အရင်တုန်းကဆိုရင် အခုချိန်က ဆောင်းဝတ်ကွန်တိန်နာ ကားတွေက ထွက်သွားပြီဆိုတာနဲ့ ဥရောပရဲ့နွေဦးရာသီဝတ် အထည်တွေချုပ်ရတယ်။ ဒါဆိုရင် ဂျာကင်ချုပ်ရုံတွေက စတိုင်ပင်ဘောင်းဘီလိုဟာမျိုးတွေ အစားထိုးချုပ်ရသေးတယ်။ အခုကတော့ လုံးဝကို ချုပ်ဖို့မရှိတော့လောက်တဲ့အထိ ဖြစ်သွားတယ်"ဟု ပြောဆိုသည်။

ပြည်တွင်း အထည်ချုပ်လုပ်ငန်းများတွင် တရုတ်နိုင်ငံ၌ ကိုဗစ်ကပ်ရောဂါ မြင့်တက်စဉ်အခါကလည်း ကုန်ကြမ်းရရှိမှု အခက်အခဲများကြောင့် စက်ရုံများ လုပ်သားအင်အားလျှော့ချခြင်း၊ ယာယီပိတ်ခြင်း၊ အပြီးပိတ်ခြင်းများ လုပ်ဆောင်ခဲ့ရပြီး ယခု အပ်ထည်အမှာမရှိလျှင်လည်း ယခင်ကဲ့သို့ပင် ထပ်မံလုပ်ဆောင်ရမည့် အခြေအနေများရှိနေကြောင်းသိရသည်။ အပ်ထည် အမှာသစ်မရချိန်တွင် ချုပ်ပြီး အထည်များ တင်ပို့ရောင်းချရာတွင်လည်း ဒေါ်လာတန်ဖိုးကျဆင်းခြင်းကြောင့် လုပ်ငန်းပျမ်းမျှ ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်း ဝန်းကျင်ကျဆင်းသည့် ထိခိုက်မှုများလည်းရှိနေသည်ဟု အထည်ချုပ်စက်ရုံပိုင်ရှင်များထံက သိရသည်။

ထို့ပြင် အထည်ချုပ်လုပ်ငန်းများအတွက် အခက်အခဲမှာ ပြည်တွင်းငွေကြေးဈေးကွက်တွင် ယခု ၂၀၂၀ နှစ်စပိုင်းက အမေရိကန် ၁ ဒေါ်လာလျှင် ကျပ် ၁၅၀၀ ရှိခဲ့ရာမှ ဩဂုတ်လတွင် ကျပ် ၁၃၅၀ အောက်တွင်သာ ရှိခဲ့သောကြောင့်လည်း လက်ခစား (CMP) လုပ်ငန်းများအတွက် ဝင်ငွေများကျဆင်းခဲ့ခြင်းဖြစ်ကြောင်း ဦးအောင်မျိုးဟိန်းကပြောသည်။ မြန်မာ့ အထည်ချုပ်လုပ်ငန်းများတွင် လုပ်ကိုင်နေသည်မှာ လုပ်သားဦးရေ ၅ သိန်းကျော်အထိရှိပြီး တရုတ်အထည်ချုပ်စက်ရုံ ၂၃၆ ရုံ၊ ကိုရီးယားအထည်ချုပ်စက်ရုံ ၆၇ ရုံ၊ ဂျပန်အထည်ချုပ်စက်ရုံ ၂၀ နှင့် မြန်မာပိုင်အထည်ချုပ စက်ရုံ ၉၂ ရုံ၊ စုစုပေါင်း ၄၂၀ ခန့်ရှိကြောင်း သိရသည်။ ယင်းစာရင်းသည် အသင်းသို့ ဝင်ရောက်ထားသည့် စာရင်းသာဖြစ်သည်။ *၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ၁၁ လအတွင်း ပြည်ပသို့လက်ခစားချုပ်အထည်တင်ပို့မှုမှ ဒေါ်လာ ၄ ဘီလီယံ ခန့်ဝင်ငွေရရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကဆိုသည်။* ယခုနှစ်တွင် CMP လုပ်ငန်းများက ယခင်ထက် ပို၍တိုးတက်လာနိုင်သည့် အလားအလာရှိခဲ့သော်လည်း ကိုဗစ်ကြောင့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့သည့်အတွက် ကာလတူနှင့် နှိုင်းယှဉ်လျှင် အမေရိကန်ဒေါ်လာသန်း ၆၅ သန်းခန့် လျော့နည်းခဲ့ ကြောင်း စီးပွား/ကူးသန်း စာရင်းများတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် ယခု ဩဂုတ်လ ၁၆ ရက်မှ စတင်ကာ ကိုဗစ်ရောဂါ ပြည်တွင်း၌ ကူးစက်မှုများ မြင့်တက်နေသောကြောင့် လည်း စက်ရုံအလုပ်ရုံများအနေနှင့် ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိကို ရှောင်တခင်စစ်ဆေးတွေ့ရှိပါက စက်ရုံပိတ်သိမ်းသည်အထိ အရေးယူသွားမည်ဖြစ်ကြောင်းလည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဩဂုတ်လ ၃၀ ရက်က ပြောကြားထားသည်။

**Source:** https://burma.irrawaddy.com/business/2020/08/31/229034.html

## ကျောက်ဖြူအထူးစီးပွားရေးဇုန်နဲ့ ရေနက်ဆိပ်ကမ်း စဆောက်ဖို့နီးလာပြီ



ရခိုင်ပြည်နယ်အနောက်ပိုင်း၌ တရုတ်၏မဟာဗျူဟာမြောက် ရေနက်ဆိပ်ကမ်းစီမံကိန်းကို တည်ဆောက်ရန် တရုတ်ကုမ္ပဏီ တခုနှင့် အစိုးရကျောထောက်နောက်ခံပြုကော်မတီတို့၏ ဖက်စပ်လုပ်ငန်းကို မြန်မာအစိုးရ၏ ရင်းနှီးမြှုပ်နှံမှုအေဂျင်စီက သြဂုတ်လပထမပတ်တွင် မှတ်ပုံတင်ခွင့်ပြုခဲ့သည်။ ထိုအတည်ပြုချက်သည် ကြာမြင့်စွာနှောင့်နှေးနေခဲ့သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC)၏ ပင်မကျောရိုးစီမံကိန်း အမှန်တကယ်အကောင်အထည်ပေါ်လာရန် ခြေတလှမ်းပိုမို နီးကပ်သွား စေခဲ့သည်။ CMEC သည် တရုတ်နိုင်ငံ၏ ရည်မှန်းချက်ကြီးသည့် ခေတ်သစ်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative –BRI) ၏ အစိတ်အပိုင်းတခုဖြစ်သည်။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့်ရေနက်ဆိပ်ကမ်းစီမံကိန်းက တရုတ်နိုင်ငံအား အိန္ဒိယသမုဒ္ဒရာသို့ တိုက်ရိုက်ဝင်ရောက် နိုင်ရန် ရည်ရွယ်ထားပြီး မလက္ကာရေလက်ကြားကိုရှောင်လွှဲ၍ ရေနံတင်သွင်းမှု ပြုလုပ်နိုင်မည်ဖြစ်သလို တရုတ်နိုင်ငံ၏ ကုန်းတွင်းပိတ် ယူနန်ပြည်နယ်တွင် ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ပေးနိုင်မည် ဖြစ်သည်။ စီမံကိန်းတခုလုံးသည် ဧက ၄၃၀၀ (ဟက်တာ ၁၇၅၀ ခန့်) ရှိသည်။ အထည်အလိပ်နှင့်အထည်ချုပ်လုပ်ငန်းများ၊ ဆောက်လုပ်ရေးပစ္စည်းများထုတ်လုပ်ခြင်း၊ အစားအစာထုတ်လုပ်ခြင်း၊ ဆေးဝါးများထုတ်လုပ်ခြင်း၊ အီလက်ထရောနစ်ပစ္စည်းများထုတ်လုပ်ခြင်း၊ ပင်လယ်ရေကြောင်း ထောက်ပံ့ရေးပစ္စည်းများနှင့် ဝန်ဆောင်မှုများနှင့် သုတေသနတို့အတွက် အဆောက်အဦးများပါဝင်သည့် စက်မှုဇုန်တခုကို တည်ဆောက်ရန်လည်း စီစဉ်ထားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA) မှ ကုမ္ပဏီမှတ်ပုံတင် စာရွက်စာတမ်းများအရ တရုတ်ကုမ္ပဏီ အုပ်စုတခုဖြစ်သည့် CITIC Myanmar Port Investment Limited နှင့် မြန်မာအစိုးရကျောထောက် နောက်ခံပေးထားသော ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့ ဖက်စပ်ဖွဲ့စည်းထားသည့် Kyaukphyu Special Economic Zone Deep Seaport Co. Ltd မှတ်ပုံတင်ခြင်းကို DICA က သြဂုတ်လ ၆ ရက်နေ့တွင် အတည်ပြုပေးခဲ့ကြောင်းသိရသည်။ DICA မှ ကုမ္ပဏီ မှတ်တမ်းများအရ ဖက်စပ်လုပ်ငန်းတွင် တရုတ်ကုမ္ပဏီက အစုရှယ်ယာ ၇၀ ရာခိုင်နှုန်း ပိုင်ဆိုင်ထားပြီး မြန်မာကော်မတီက ၃၀ ရာခိုင်နှုန်းပိုင်ဆိုင်သည်။ ၂၀၁၈ တွင် ၂ ဖက်ညှိနှိုင်းမှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် ၂ ဖက် သဘောတူညီခဲ့ကြသည့်အတိုင်း ဖြစ်သည်။

တရုတ် ကျောထောက်နောက်ခံပြုသည့် အဆိုပါစီမံကိန်းသည် မြန်မာနိုင်ငံ၏ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမတိုင်မီ အချိန်တွင် သဘောတူညီချက်ကြောင့် မြန်မာနိုင်ငံက အကြွေးထောင်ချောက်တခုအတွင်းသို့ ကျရောက်သွားနိုင်သည့်အပေါ်တွင် စိုးရိမ်မှုများမြင့်တက်လာခဲ့ပြီးနောက် နှောင့်နှေးသွားခဲ့သည်။ ကနဦးသဘောတူညီချက်တွင် စီမံကိန်း၏တန်ဖိုးက အမေရိကန် ဒေါ်လာ ၉ ဘီလီယံမှ ၁၀ ဘီလီယံ (၁၂.၂၃ ထရီလီယံကျပ် မှ ၁၃.၅၉ ထရီလီယံကျပ်) အတွင်းသတ်မှတ်ထားပြီး တရုတ် ဆောက်လုပ်ရေးကုမ္ပဏီသို့ အစုရှယ်ယာ ၈၅ ရာခိုင်နှုန်းပေးထားသည်။

လက်ရှိအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NDL) အစိုးရက စီမံကိန်းကို လိုအပ်မှုအပေါ်တွင်အခြေခံရန် သဘောတူညီချက်တခုနှင့်အတူ ရှယ်ယာအချိုးအစားကို တရုတ်နိုင်ငံနှင့် အောင်မြင်စွာပြန်လည်ညှိနှိုင်းခဲ့သည်။ နောက်ပိုင်းတွင် မြန်မာနိုင်ငံ ရှယ်ယာ ၃၀ ရာခိုင်နှုန်း ပိုင်ဆိုင်ရေးကို တရုတ်နိုင်ငံက သဘောတူခဲ့သည်။ ***စီမံကိန်းကို "အသေးစား သို့မဟုတ် အလတ်စား" အတိုင်းအတာဖြင့် စတင်ရန် ၂ ဖက်သဘောတူညီမှု ရရှိခဲ့ကြသည်။*** သဘောတူညီချက် အပြီးသတ်ပြီးနောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် CITIC တို့က ၂၀၁၈ ခုနှစ်တွင် ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး မူဘောင်သဘောတူညီချက် တခုကို လက်မှတ်ရေးထိုးခဲ့သည်။ ရေနက်ဆိပ်ကမ်း၏ ပထမအဆင့်ကို ဘတ်ဂျက် အမေရိကန်ဒေါ်လာ ၁.၅ ဘီလီယံ ဖြင့် အကောင်အထည်ဖော်ရန် ၂ ဖက် သဘောတူညီခဲ့ကြသည်။

DICA ၏မှတ်တမ်းများအရ မြန်မာနိုင်ငံဘက်မှ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖြစ်သည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် စီပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းတို့က ဖက်စပ်ကုမ္ပဏီတွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ တရုတ်ဘက်မှ CITIC Group (Myanmar) ၏ မန်နေးဂျင်းဒါရိုက်တာ Yuan Shaobin နှင့် လက်ထောက် မန်နေးဂျင်းဒါရိုက်တာ Liu Qing၊ Shan Liming၊ Ma Chuanfu နှင့် Sun Tiejun တို့က ဒါရိုက်တာများအဖြစ် တာဝန်ယူမည်ဖြစ်သည်။ ***ဖွန်လတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ကုမ္ပဏီ၏ ဖွဲ့စည်းမှုနှင့်ပတ်သက်၍ ၂ ဘက် သဘောတူညီမှု ရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ ကုမ္ပဏီဒါရိုက်တာများ စာရင်းကို အတည်ပြုပြီးသည်နှင့် ရေနက်ဆိပ်ကမ်းတည်ဆောက်မှုကို များမကြာမီ စတင်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်းလည်း ပြောသည်။*** သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ သက်ရောက်မှုအကဲဖြတ်ခြင်း (ESIA) အစီရင်ခံစာပြီးဆုံးပါက စီမံကိန်း စတင်နိုင်မည်ဟု ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးရီဝင်းက ဧရာဝတီသို့ပြောသည်။ "COVID-19 ပေါ်ပေါက်လာပြီးတဲ့နောက် ကုမ္ပဏီကတာဝန်အရှိဆုံးသူ အများစုက တရုတ်နိုင်ငံကို ပြန်သွားခဲ့ကြပါတယ်။ မြေပြင်မှာ အမှန်တကယ် ဆောက်လုပ်ရေးနဲ့ပတ်သက်ပြီး ကျနော်တို့ နောက်ထပ်ဆွေးနွေးမှုတွေလုပ်ဖို့ လိုနေပါသေးတယ်။ ကျနော်တို့သိသလောက်က ကုမ္ပဏီက EIA နဲ့ SIA ကိုဆက်လက်လုပ်ကိုင်နေဆဲဖြစ်ပါတယ်။ စီမံကိန်းကို အမှန်တကယ် အကောင်အထည်ဖော်တာက အဲဒါပြီးတဲ့နောက်မှာ စတင်နိုင်ပါမယ်" ဟု ဦးရီဝင်းက ပြောသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လတွင် တရုတ်ကုမ္ပဏီက ESIA နှင့် ဘူမိဗေဒဆိုင်ရာ အကြိုတိုင်းတာမှုများပြုလုပ်ခြင်းကို ကြီးကြပ်ရန် ကနေဒါကုမ္ပဏီ HATCH ကို ငှားရမ်းခဲ့သည်။ ပြီးခဲ့သည့်နှစ် စက်တင်ဘာလတွင် ကုမ္ပဏီက စီမံကိန်းအဆိုပြုလွှာအစီရင်ခံစာ (PPR) တခုကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) သို့တင်ပြခဲ့သည်။ ၂၀၁၇ ခုနှစ်က ၎င်း၏အစီရင်ခံစာတွင် Kofi Annan ၏ ရခိုင်အကြံပေးကော်မရှင်က မြန်မာအစိုးရအနေဖြင့် ဒေသခံအသိုင်းအဝိုင်းအပေါ် စီမံကိန်း၏ ဖြစ်လာဖွယ်ရှိသော အကျိုးသက်ရောက်မှုများနှင့်ဒေသတွင်းမှ အခြားလုပ်ငန်းကဏ္ဍများအတွက်စီမံကိန်း၏ အန္တရာယ်နှင့် အကျိုးကျေးဇူးများကို ဆုံးဖြတ်နိုင်ရန် ESIA လုပ်ငန်းစဉ်မတိုင်မီ အထူးစီးပွားရေးဇုန်အတွက် မဟာဗျူဟာမြောက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကဲဖြတ်မှုနှင့်အလုပ်သမား အကဲဖြတ်မှုတို့ကိုပြုလုပ်ရန်အကြံပြုခဲ့သည်။

သို့သော်လည်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC)က ရေနက်ဆိပ်ကမ်းစီမံကိန်းသည် မြန်မာနိုင်ငံ၏ ဥပဒေအတိုင်း EIA တခု လိုအပ်သည်ဟုဆုံးဖြတ်ခဲ့ကြောင်း CITIC က ဇန်နဝါရီလတွင် ပြောကြားခဲ့သည်။ EIA လုပ်ဆောင်ရန် လွတ်လပ်သောအတိုင်ပင်ခံ အဖွဲ့အစည်းတခုကို ဈေးပြိုင်တင်သွင်းရသော လုပ်ငန်းစဉ်တခုမှတဆင့် ရွေးချယ်မည်ဖြစ်ကြောင်း တရုတ်ကုမ္ပဏီကပြောသည်။ သို့သော်လည်း ကုမ္ပဏီအနေဖြင့် EIA နှင့်ပတ်သက်၍ မည်သည့်တိုးတက်မှုများကို ပြုလုပ်ခဲ့ပြီး ဖြစ်ကြောင်းကို ယခုအထိမကြေညာသေးပါ။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏အဆိုအရ CITIC လုပ်ငန်းစုက စက်မှုဇုန်၏ ၅၁ ရာခိုင်နှုန်းနှင့် မြန်မာအစိုးရက ၄၉ ရာခိုင်နှုန်း ပိုင်ဆိုင်မည်ဖြစ်သည်။ စက်မှုဇုန်တည်ဆောက်ရေးကို CITIC နှင့် Myanmar Kyauk Phyu Special Economic Zone Holding Public Company Limited လက်အောက်မှ မြန်မာပုဂ္ဂလိကကုမ္ပဏီ ၄၂ ခုက ဦးဆောင်လိမ့်မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကပြောသည်။

**Source:** https://burma.irrawaddy.com/business/2020/08/31/229026.html

## ရေးဒေသထွက် ထိုင်းမျိုးစပ်ကြက်မောက်သီးများ ဈေးကောင်းရရှိ



မွန်ပြည်နယ် ရေးမြို့နယ် သစ်သီးဈေးကွက်မှာ မြဝတီက တင်သွင်းလာတဲ့ ကြက်မောက်သီးဈေးတွေ မြင့်တက်လာတာနဲ့အမျှ ရေးဒေသထွက် ကြက်မောက်သီးပါ ဈေးကောင်းရနေတယ်လို့ ဒေသခံသစ်သီးကုန်သည်တွေကပြောပါတယ်။ အခုရက်ပိုင်း ကိုဗစ်ကာလမှာ ခရီးသွားတွေ သိပ်ပြီးမရှိပေမဲ့ မြဝတီမြို့နယ်စပ်ကဝင်လာတဲ့ ကြက်မောက်သီးတွေက ရေးမြို့ဈေးကွက်မှာ ၁ ပိဿာကို ကျပ် ၆၀၀၀ လောက်အထိ ရောင်းချပေမယ့်စားသုံးသူတွေ ဈေးကြီးပေးဝယ်စားရသလို အသီးက လတ်ဆတ်မှုလည်းမရှိတဲ့အခါ အရောင်းအဝယ်က အေးနေတယ်လို့ သိရပါတယ်။

ရေးဒေသက ထွက်တဲ့ ထိုင်းမျိုးစပ် ကြက်မောက်သီးကတော့ ၁ ပိဿာကို ပြီးခဲ့တဲ့ရာသီက ၁ ပိဿာကို ကျပ် ၂၅၀၀ ကျပ်သာရပေမဲ့ အခုလက်ရှိ ရာသီပေါက်ဈေးက ကျပ် ၄၀၀၀ အထိရကြပြီး ဈေးကလည်းရသလို မြဝတီကဝင်လာတဲ့ အသီးထက် ပိုမိုအရသာရှိပြီး လတ်ဆတ်မှုကို စားသုံးသူတွေ အကြိုက်တွေ့စေတဲ့အခါ ပိုမိုဝယ်ယူလာကြတယ်လို့ တောင်သူတွေက ပြောပါတယ်။

ရေးမြို့နယ်မှာ ထိုင်းမျိုးစပ်ကြက်မောက်သီးကို တောင်သူတွေ တပိုင်တနိုင် အရင်ကထက် ပိုမိုစိုက်ပျိုးလာကြပေမဲ့ နှစ်စဉ်ရာသီဥတုဒဏ်ကြောင့် ပျက်ဆီးဆုံးရှုံးမှုများတဲ့နှစ်နဲ့ကြုံရတိုင်း ကြက်မောက်သီးဈေးလည်းမရကြတဲ့ နှစ်တွေဆို တောင်သူတွေအများစု စားစရိတ်တွေ အရှုံးပေါ်လေ့ရှိပါတယ်။

**Source:** [http://burmese.dvb.no/archives/407752](http://burmese.dvb.no/archives/407752)

## တရုတ်နိုင်ငံမှ ရေငုပ်သင်္ဘောများ ဝယ်ယူမည့်အစီအစဉ် ထိုင်းနိုင်ငံရွှေ့ဆိုင်း



ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးထိခိုက်နေချိန် တရုတ်နိုင်ငံမှ ဒေါ်လာ ၇၂၄ သန်းတန် ရေငုပ်သင်္ဘောနှစ်စင်း ဝယ်ယူမည့်အစီအစဉ်ကို ပြည်သူများ၏ ကန့်ကွက်မှုကြောင့် ထိုင်းနိုင်ငံက ရွှေ့ဆိုင်းခဲ့သည်။ ၂၀၁၅ ခုနှစ် သဘောတူညီချက်အရ ထိုင်းနိုင်ငံက တရုတ်နိုင်ငံထံမှ ရေငုပ်သင်္ဘောများဝယ်ယူသည့် ပထမဆုံးသော တိုင်းပြည်များတွင် ပါဝင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ရေငုပ်သင်္ဘောသုံးစင်းဝယ်ယူရန် အပြီးသတ်သဘောတူညီခဲ့သလို ပထမဆုံးရေငုပ်သင်္ဘောကို ၂၀၂၃ ခုနှစ်တွင် ထိုင်းရေတပ်သို့ ပေးပို့ရမည်ဖြစ်သည်။ ယခုလအစောပိုင်းတွင် ဒေါ်လာ ၇၂၃ သန်းကျော်ဖြင့် ရေငုပ်သင်္ဘောနှစ်စင်း ထပ်မံမှာယူမှုကို လွှတ်တော်ကအတည်ပြုခဲ့ရာ တိုင်းပြည်စီးပွားရေးကျဆင်းနေချိန်တွင် အတည်ပြုမှုအတွက် ပြည်သူများကကန့်ကွက်ခဲ့သည်။

ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာနှင့် ကာကွယ်ရေး ဝန်ကြီးတို့က နောက်ထပ် ရေငုပ်သင်္ဘောနှစ်စင်း ဝယ်ယူမှု ကို ဆိုင်းငံ့ရန် ရေတပ်သို့ ညွှန်ကြားခဲ့ကြောင်း အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ အနူချာဘူရာပါချိုင်သီရိက ကြေညာခဲ့သည်။ “ထိုင်းရေတပ်က ရေငုပ်သင်္ဘောဝယ်ယူမှုဆိုင်းငံ့ဖို့ တရုတ်နိုင်ငံနဲ့ စေ့စပ်ညှိနှိုင်းမှာဖြစ်ပါတယ်” ဟု အနူချာက သတင်းထောက်များသို့ ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံ၏ စီးပွားရေးမှာ နှစ် ၂၀ ကျော်အတွင်း အဆိုးရွားဆုံးကျဆင်းခဲ့ပြီး ခရီးသွားလုပ်ငန်းနှင့် ပို့ကုန်တင်ပို့မှုအခြေပြု တိုင်းပြည်၏စီးပွားရေးမှာ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဘေး ဆိုးရွားစွာခံနေရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## မန္တလေးဈေးကွက်အတွင်း ကြက်ဥဈေးနှုန်းများတည်ငြိမ်ကာ ကြက်သားဈေးနှုန်းများ ပြန်လည်ကျဆင်းလျက်ရှိ



မန္တလေးတိုင်းဒေသကြီးအတွင်း ကြက်ဥ၊ ကြက်သားဈေးကွက် အခြေအနေမှာ လက်ရှိကာလ၌ ကြက်ဥဈေးနှုန်းများ တည်ငြိမ်ကာ ကြက်သားဈေးနှုန်းများ ပြန်လည်ကျဆင်းလျက်ရှိနေကြောင်း မန္တလေး တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာ နေသူရိန်က ပြောကြားသည်။ ပြန်လည်ကျဆင်းလက်ရှိအချိန်တွင် ကြက်ဥဈေးနှုန်းမှာ လွန်ခဲ့သည့် နှစ်ပတ်ကျော်ကာလကတည်းက ခြံကောက်ဈေးအနေဖြင့် တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၂၇၀၀ နှုန်းဖြင့် ဈေးနှုန်းတည်ငြိမ်စွာ ဖြန့်ချိပေးလျက်ရှိသည်။ ပြီးခဲ့သည့် တစ်ပတ်အတွင်းက တစ်ပိဿာလျှင် ခြံဖမ်းဈေး ငွေကျပ် ၃၃၀၀ နှုန်းရှိခဲ့ သော ကြက်သားဈေးနှုန်းမှာလည်း ယခုရက်ပိုင်းအတွင်း၌ တစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀ နှုန်းအထိ ပြန်လည်ကျဆင်းလျက် ရှိလာကြောင်းသိရသည်။ ထို့ပြင် ကြက်သားဈေးနှုန်းမှာလည်း လက်ရှိ ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် စားသောက်ဆိုင် များပိတ်မည်ကို စိုးရိမ်ကာ တိုးမြှင့်ထုတ်လုပ်ရောင်းချကြသည့်အတွက် ယခုရက်ပိုင်းတွင် ဈေးကွက်အတွင်း၌ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ နှုန်းခန့်ကျဆင်းနေပြီး စားသောက်ဆိုင်များ ပိတ်သိမ်းလာမည်ဆိုပါက ဈေးနှုန်းများထပ်မံကျဆင်းလာနိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ လက်ရှိကာလတွင် ပြင်ဦးလွင်ခြံကောက်ဈေးအဖြစ် ကြက်ဥတစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ နှုန်းဖြင့်လည်းကောင်း၊ လက်ကားဒိုင်များမှ တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ နှုန်းဖြင့်လည်းကောင်း ဖြန့်ချိ ရောင်းချ ပေးလျက်ရှိပြီး ဈေးများတွင် လက်လီနှုန်းထားအဖြစ် ကြက်ဥအရွယ်အစားပေါ်မူတည်၍ တစ်လုံးလျှင် ငွေကျပ် ၁၀၀ မှ ၁၂၅ ကျပ် နှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## မိတ္ထီလာမြို့နယ် ညောင်ဖောက်ကျေးရွာတွင် ကုန်ကျစရိတ်သက်သာပြီး သီးနှံအပင်များ အထွက်နှုန်း တိုးစေသော ပိုက်ဆံလျှော်ကို တစ်ကွင်းတစပ်တည်း ၂၅ ဧက စိုက်ပျိုး



မန္တလေးတိုင်းဒေသကြီး၊ ကုန်ကျစရိတ်သက်သာပြီး ဒေသခံ တောင်သူများအတွက် သီးနှံအပင်များ ကြီးထွားမှုမြန်ဆန်ပြီး အထွက်နှုန်း တိုးစေသော ပိုက်ဆံလျှော်ကို ညောင်ဖောက်ကျေးရွာ ကွင်းအမှတ် ၅၇၃ ရှိ တောင်သူ ဦးကျော်ဆွေ၏ လျှော်ဖြူပင်နှင့် သရက်ပင်စိုက်ခင်း စိုက်ဧက ၂၅ ဧကတွင် စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသခံတောင်သူများအနေဖြင့် သီးနှံစိုက်ခင်းများကို နှစ်စဉ် ဆက်တိုက်စိုက်ပျိုးလျက်ရှိရာ သီးနှံများအထွက်နှုန်းတိုးစေရေး ဓါတ်မြေ သြဇာများ သုံးစွဲမှုကြောင့် မြေဆီလွှာ၏ ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သတ္တိများ ထိခိုက်လာခြင်းကြောင့် စိုက်ခင်းများအတွင်း သဘာဝမြေသြဇာများ ကျွဲနွားတိရစ္ဆာန်များ၏ စွန့်ပစ်အညစ်အကြေးများမှလည်းကောင်း၊ သီးနှံပင်များ၏ အကြွင်းအကျန်များမှလည်းကောင်း၊ သဘာဝ သစ်စိမ်းမြေသြဇာများမှလည်းကောင်း အသီးသီးပြန်လည်ရရှိနိုင်ရာမှ ဒေသခံတောင်သူများအနေဖြင့် ကုန်ကျစရိတ်သက်သာပြီး သီးနှံပင်များကြီးထွားမှုမြန်ဆန်သည့် ပိုက်ဆံလျှော်ကို သဘာဝသစ်စိမ်းမြေသြဇာအဖြစ်စိုက်ပျိုးပါက မြေဆီလွှာ၏ရုပ်ဂုဏ် သတ္တိကို ပြောင်းလဲစေနိုင်ခြင်း၊ သီးနှံအပင်က အလွယ်တကူစားသုံးနိုင်ခြင်း ၊ လေထဲမှ နိုက်ထရိုဂျင်ကို မြေအတွင်းသို့ရရှိစေခြင်း၊ သီးနှံစိုက်ခင်းတွင် မြက်များအလွယ်တကူမပေါက်ရောက်နိုင်ခြင်းနှင့် ကုန်ကျစရိတ်သက်သာပြီး သီးနှံအပင်အတွက် အနည်းလို

အပဟာရဓာတ်များရရှိနိုင်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ငြိမ်းထံမှသိရသည်။ “ သဘာဝ သစ်စိမ်းမြေသြဇာအဖြစ် အသုံးပြုနိုင်ရန် ပိုက်ဆံလျှော်ကို စိုက်ပျိုးရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် လျှော်ဖြူပင်နှင့် သရက်ပင် စိုက်ခင်း စိုက်ဧက ၂၅ဧကတွင် ပိုက်ဆံလျှော်မျိုးစေ့ ၆တင်းဖြင့် ဇူလိုင်လ ၁၀ ရက်နေ့က စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ၄၅ ရက်ပြည့်၍ သဘာဝမြေသြဇာပြုလုပ်လျက်ရှိကြောင်း ၊ ပိုက်ဆံလျှော်စိုက်ပျိုးခြင်းကြောင့် မြက်ပင်များ ပေါက်ရောက်မှုနည်းပါးသွားကြောင်း” တောင်သူ ဦးကျောက်ဆွေက ပြောကြားခဲ့သည်။ မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာမှ တောင်သူ ၁၅ဦးက ပိုက်ဆံလျှော်ကို သဘာဝသစ်စိမ်းမြေသြဇာအဖြစ် စိုက်ပျိုးဧက ၅၀ စိုက်ပျိုးထားရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## အိန္ဒိယတင်သွင်းမည့် သတင်းများကြောင့် ပဲစင်းငုံဈေးနှုန်း မြင့်တက်လာ

အိန္ဒိယအစိုးရက ၎င်းတို့ပြည်တွင်းကုမ္ပဏီများကို ပဲစင်းငုံတင်သွင်းခွင့် ပါမစ်များချထားပေးတော့မည်ဆိုသည့်သတင်းများကြောင့် မန္တလေးပဲဈေးကွက်တွင် ပဲစင်းငုံဈေးနှုန်းမြင့်တက်လာသော်လည်း တရုတ်သို့တင်ပို့နေသည့် ပဲအမျိုးအစားများမှာ အရောင်းအဝယ်အေးလျက်ရှိသည်။

လာမည့်စက်တင်ဘာလတွင် အိန္ဒိယအစိုးရက တင်သွင်းခွင့်ပါမစ်ချထားပေးမည့် သတင်းများထွက်ပေါ်လာသောကြောင့် ရန်ကုန်ဝယ်လက်များက ဆင်းဝယ်ယူလာခြင်း၊ သိုလှောင်သူများက ဈေးထိန်းရောင်းချခြင်းတို့ကြောင့် ယခင်သီတင်းပတ်ကထက် ဈေးအနည်းငယ် မြင့်တက်လာသည်။ ဩဂုတ်လ တတိယသီတင်းပတ်တွင် ပဲစင်းငုံသုံးတင်းဝင်တစ်အိတ်လျှင် ၇၅,၀၀၀ ကျပ်ရှိခဲ့ရာမှ ဩဂုတ် ၈ရက်တွင် ၇၇,၀၀၀ ကျပ်သို့မြင့်တက်လာကာ အရောင်းအဝယ်လည်းသွက်နေသည်။ "ပါမစ်ချထားပေးမယ်လို့တော့ ခဏခဏသတင်းတွေထွက်နေတာပဲ။ ဒီတစ်ခါလည်း အဲလိုပဲထင်တယ်။ ပါမစ်တကယ်ချရင်တော့ ဈေးနည်းနည်းတက်နိုင်မယ်။ ဒီအတိုင်းပဲဆိုရင်တော့ ဆက်တက်ဖို့မရှိနိုင်ဘူး" ဟု မန္တလေးပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော် အသင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေကပြောသည်။

မတ်ပဲမှာ ပဲစင်းငုံနည်းတူ အိန္ဒိယသို့တင်ပို့မည့် ပဲဖြစ်သော်လည်း ထူးခြားသည်မှာ ရန်ကုန်ဝယ်လက်များက မဝယ်သေးပေ။ သို့သော် ပြည်တွင်းသုံးရန် ဝယ်ယူမှုရှိနေသဖြင့် ဈေးနှုန်းကျဆင်းခြင်းမရှိဘဲ တည်ငြိမ်နေသည်။ ဩဂုတ် ၂၈ရက်တွင် သုံးတင်းဝင် တစ်အိတ်လျှင် ၉၄,၀၀၀မှ၉၆,၀၀၀ ကျပ်ဝန်းကျင်ရှိသည်။

ကိုဗစ်-၁၉ ဂယက်ကြောင့် ပြည်တွင်းပဲခွဲစက်များက ဝယ်ယူမှုအနည်းငယ်လျှော့ချလိုက်သဖြင့် အရောင်းအဝယ်အေးနေ သော်လည်း ဈေးနှုန်းကျဆင်းခြင်းမရှိဘဲတန့်နေသည်။ လက်ရှိအခြေအနေအရ ဈေးနှုန်းအနည်းငယ် ကျဆင်းနိုင်မည့် အခြေ အနေတွင်ရှိသည်ဟု ကုန်သည်များကသုံးသပ်သည်။

တရုတ်နိုင်ငံက ဝယ်ယူနေသော်လည်း ယခုရက်ပိုင်းအတွင်း ဝယ်ယူသည့်ပမာဏလျော့ကျလာသဖြင့် အရောင်းအဝယ် အေးနေသည်။ တရုတ်က အဝယ်လုံးဝရပ်ဆိုင်းလိုက်ခြင်းလည်း မဟုတ်သဖြင့် ဈေးနှုန်းကျဆင်းခြင်းမရှိပေ။ ဩဂုတ် ၂၈ရက်တွင် ပဲတီစိမ်း(ကြီး) သုံးတင်းဝင်တစ်အိတ်လျှင် ၁၁၄,၀၀၀ကျပ်၊ ပဲတီစိမ်း(ရွှေဝါ) တစ်အိတ်လျှင် ၁၁၉,၀၀၀ ကျပ်ရှိသည်။

တရုတ်နိုင်ငံက ဝယ်ယူမှုပမာဏနည်းသွားခြင်းနှင့် အသစ်ထွက်ပေါ်လာခြင်းတို့ကြောင့် ဩဂုတ်လတတိယ သီတင်းပတ်မှ စတင်ကာ ဈေးကျဆင်းလာခဲ့ပြီး ယခုတစ်ပတ်တွင်လည်း ဆက်လက်ကျဆင်းကာ စမုန်နွမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ယခင်ဈေး ၂၀၀,၀၀၀ကျပ် မှ လက်ရှိတွင် ၁၉၀,၀၀၀ကျပ်သို့ရောက်ရှိကာ တစ်ပတ်အတွင်း ကျပ်တစ်သောင်းခန့်ကျဆင်းလာ သည်။ "အသစ်ပေါ်ချိန်နဲ့ တရုတ်အဝယ်ကျတဲ့အချိန်တိုက်ဆိုင်တာကြောင့် ဈေးကျတာဖြစ်ပါတယ်၊ ဒီထက်ဆက်ကျမယ့် ရာခိုင်နှုန်းကတော့နည်းပါတယ်" ဟု ဦးမျိုးဆွေကပြောသည်။

**Source: The Farmer Media.**

https://www.facebook.com/myanmaawba/?ref=page_internal

## COVID-19 ပထမလှိုင်းကာလအတွင်း ဆန်စပါးဈေးကွက် မျှော်မှန်းထားသည်ထက် ထိခိုက်နစ်နာမှုနည်းပါးခဲ့

COVID-19 ပထမလှိုင်းကာလအတွင်း ဆန်စပါးဈေးကွက်အခြေအနေမှာ မျှော်မှန်းထားသည်ထက် ကြီးကြီးမားမား ထိခိုက်နစ်နာမှုမျိုး မရှိသလောက်နည်းပါးခဲ့ကြောင်း ဆန်စက်များနှင့်ကိုယ်တိုင်စိုက်ပျိုးသည့် တောင်သူများထံမှသိရသည်။

COVID-19 ပထမလှိုင်းဖြစ်တဲ့ ကာလမှာတုန်းက ဆန်စပါးမပြတ်လပ်ရအောင်နဲ့ ဈေးနှုန်းကွာဟမှုမများရအောင် အတတ်နိုင်ဆုံး ကြိုးစားပြီး ထိန်းထားခဲ့ကြပါတယ်။ နိုင်ငံတော်ဘက်အပိုင်းကရော၊ ဆန်စက်တွေ၊ ကုန်သည်တွေအားလုံးပါ တကယ်လူညီခဲ့ကြပါတယ်။ ကိုယ့်မှာရှိတဲ့ စပါးတွေကို ဈေးတက်အောင် တမင်လှောင်ထားတာမျိုး မလုပ်ခဲ့ကြဘူး။ ဈေးကစားတဲ့လူ မရှိပါဘူး။ ရှိသမျှစပါးကို အကုန်ကြိတ်ခွဲ ထုတ်ရောင်းချပေးခဲ့ပါတယ်။ ဒါ့ကြောင့် ကြီးကြီးကျယ်ကျယ် ဈေးကွက်ပျက်တာမျိုး မရှိလိုက်ပါဘူး ခင်ဗျာဟု စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ အောင်ဇမ္ဗူဆန်စက်လုပ်ငန်းမှ စီမံအုပ်ချုပ်သူ ဦးအောင်ကြည်စိုးက ပြောသည်။

မိုးစပါးအသစ်ပေါ်ချိန်တွင် စပါးစိုက်ပျိုးသည့် တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသောဈေးကွက်နှင့် ဈေးနှုန်းရရှိရေးအတွက် နိုင်ငံတော်မှ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို စပါးတင်း (၁၀၀) လျှင် ကျပ် (၅၂၀,၀၀၀)ဈေး သတ်မှတ်ထားပြီး၊ ထိုသတ်မှတ်ချက်ကို ပုဂ္ဂလိကကဏ္ဍမှ စက်ပိုင်၊ ကုန်သည်များလည်း လိုက်နာကြရမည်ဖြစ်ကြောင်းသိရသည်။ COVID ရှိနေပေမယ့် စပါးဈေးကငြိမ်တယ်။ ဖုန်၊ သဲ၊ ခဲ မပါဘဲ အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိတဲ့ စပါးအသန့်ဈေးကို အစိုးရက တင်းတစ်ရာကို ငါးသိန်းနှစ်သောင်းသတ်မှတ်ပေးတယ်။ ဒီလိုသတ်မှတ်လိုက်တော့ ပွဲစားက ဈေးတအားနှိမ်လို့မရဘူး။ အရင်ထက်စာရင် ဈေးကွက်တော်တော်လေးကို ငြိမ်သွားတာပေါ့။ ဒီဘက်မှာက စက်နဲ့ရိတ်တာဆိုတော့ အစိုဓာတ်က ၁၈ ရာခိုင်နှုန်းလောက်ပါတယ်။ ဒါ့ကြောင့် စပါးဈေးက အစိုးရသတ်မှတ်အတိုင်းတော့မဟုတ်ဘူးပေါ့။ ဈေးက ငါးသိန်းနှစ်သောင်းနဲ့ငါးသိန်းခွဲကြားတော့ရတယ်။ ဒါပေမဲ့အစိုးရကသတ်မှတ်တာ တင်းတစ်ရာကို ၄၆ ပေါင်ဆိုရင် ကျွန်တော်တို့က ၅၅ ပေါင်ပေးရတယ်။ အစိုဓာတ်များလို့ စပါးပိုပေးရတာပါ။ ဈေးတက်တာကိုစောင့်ပြီး တမင်လှောင်တာမျိုးတော့ လုံးဝမလုပ်ဘူး။ ပုံမှန်လေးအတိုင်း ရောင်းဝယ်နေပါတယ်ဟု ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ စက္ကော့ကျေးရွာက စပါးစိုက်တောင်သူ ကိုဝေလင်းကပြောသည်။

COVID-19 ကာလဖြစ်သော်လည်း ပြည်ပသို့ဆန်နှင့်ဆန်ကွဲတင်ပို့ရောင်းချမှုသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာသန်း ၁၀၀ ကျော်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၀ ခုနှစ်၊ ဇူလိုင်လအထိ ဘဏ္ဍာနှစ် (၁၀) လအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၂ ဒသမ ၃ သန်းကျော်တင်ပို့ထားပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း (၇၀၀) ခန့်ရရှိထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က သတင်းထုတ်ပြန်ထားသည်။

**Source:** https://greenwaymyanmar.com/posts/rice_paddy_price

## မင်းဘူးမြို့တွင် ကြက်သွန်နီလှောင်ထားသော တောင်သူများအရှုံးပေါ်



မကွေးတိုင်းဒေသကြီး မင်းဘူးဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းပြီး လက်ကားဈေးတစ်ပိဿာ ကျပ် ၄၀၀ သာရှိတော့သဖြင့် ကြက်သွန်နီဈေးတက်ဖို့မျှော်လင့်ပြီး လှောင်ထားသောတောင်သူများ အရှုံးပေါ်နေကြောင်း ကြက်သွန်စိုက် တောင်သူတစ်ဦးထံမှသိရသည်။ "ကိုဗစ်-၁၉ ရောဂါကင်းစင်သွားပြီး ကြက်သွန်နီ ပြည်ပဈေးကွက်က ဝယ်ပါစေလို့ ဆုတောင်းပါတယ်ဗျာ။ အရင်က တစ်ပိဿာ ကျပ် ၁၂၀၀-၁၃၀၀ ဝန်းကျင်ရှိပေမယ့် ယခုကြက်သွန်နီဈေး အဆမတန်ကျသွားတော့ တောင်သူနဲ့ ကြက်သွန်နီလှောင်ထားသူအားလုံး အရှုံးပေါ်တာပေါ့ဗျာ" ဟု ကြက်သွန်နီ အဝယ်တော် ဦးထွန်းကပြောသည်။

လက်ရှိကြက်သွန်နီဈေးကွက်မှာ တောင်သူတွေထဲက ငွေပေါ်လိုသူတောင်သူများသာ လက်လီထုတ်ရောင်းကြပြီး ဖုန်းဖြင့်မှာပါက အိမ်တိုင်ရာရောက်ပို့ပေးနေရကြောင်းသိရသည်။ "ကျွန်တော်တို့ မင်းဘူးမြို့ ကြက်သွန်နီဈေးကွက်မှာ လက်လီတစ်ပိဿာ ကျပ် ၅၀၀ နဲ့ လက်ကားတစ် ပိဿာ ကျပ် ၄၀၀ သာရောင်းရပါတယ်။ နှစ်ဆန်းပိုင်း ကြက်သွန်နီပေါ်စအချိန်က ကျပ် ၁၇၀၀/၁၈၀၀ ဈေးအထိရှိခဲ့ပေမယ့် ယခု ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေလည်း သိပ်မရှိတော့သလို ဈေးကွက်အတွင်း ဝယ်လိုအားသိသိသာသာ ကျဆင်းနေတဲ့အတွက် ပုံမှန်ဈေးအောက်ရောက်နေတဲ့ ပမာဏထက် များစွာလျော့နည်းနေပြီး ကြက်သွန်နီဈေးနှုန်း အဆမတန်ကျဆင်းနေတာဖြစ်ပါတယ်" ဟု ပွဲရုံလုပ်ငန်းရှင် ဦးသာပေါကပြောသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/3268-farmers-storing-onions-in-minbu-lose-money.html

## မွေးမြူရေးတောင်သူများအတွက် ကျွဲ၊ နွား သယ်ဆောင်ရေး သတင်းကောင်း

မွေးမြူရေးတောင်သူများအနေဖြင့် သက်ဆိုင်ရာထောက်ခံချက်ပါလျှင် မိမိတို့မွေးမြူထားသော ကျွဲ၊ နွားများကို တစ်ကြိမ်လျှင် (၅)ကောင်နှုန်းဖြင့် တိုင်းအတွင်းသယ်ယူခွင့်ရှိပြီး တောင်သူများထံက မည်သူမျှငွေကြေးတောင်းပိုင်ခွင့်မရှိကြောင်း မကွေးတိုင်း ဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနကသိရသည်။ ကျွဲ၊ နွားများကို အကြောင်းကိစ္စအမျိုးမျိုးကြောင့် သယ်ယူသွားလာလိုလျှင် ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ ပိုင်ဆိုင်ကြောင်း ထောက်ခံချက်ဖြင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူးထံ သယ်ဆောင်ခွင့်လျှောက်ထားရပြီး မြို့နယ်အတွင်း၊ မြို့နယ်ကျော်(ခရိုင်အတွင်း)၊ ခရိုင်ကျော် (တိုင်းအတွင်း)နှင့် တိုင်းကျော်သယ်ဆောင်ခွင့်များကို တာဝန်ရှိသူများက စစ်ဆေးခွင့်ပြုပေးလျက်ရှိသည်။

"သယ်ဆောင်တဲ့အခါမှာ ဘယ်သူမှ ပိုက်ဆံတောင်းပိုင်ခွင့်မရှိပါဘူး။ တောင်သူတွေအနေနဲ့ နီးစပ်ရာမွေးမြူရေးနဲ့ ကုသရေးဦးစီးမှူးတွေထံ တိုက်ရိုက်မေးပြီးတော့ စနစ်တကျသယ်ဆောင်သွားမယ်ဆိုရင် တောင်းတဲ့ရမ်းတဲ့ကိစ္စတွေ လျော့သွားမှာဖြစ်ပါတယ်" ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မကွေးတိုင်းဦးစီးမှူး ဒေါက်တာမောင်မောင်စိုးဦးကပြောသည်။ တရားမဝင် သယ်ဆောင်လျှင် အရေးကြီးကုန်စည်ဝန်ဆောင်မှုဥပဒေအရ ရဲအရေးပိုင်အမှုဖြစ်သည့်အတွက် ရဲတပ်ဖွဲ့က တရားစွဲဆိုကြောင်း၊ ဌာနအနေဖြင့် တိုင်းအတွင်းကို သယ်ဆောင်ခကောက်ခံခြင်းမရှိဘဲ PC 1 ကာကွယ်ဆေးထိုးနှံခ တစ်ကောင် ၅၀ ကျပ်၊ PC 3 တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးပြီးကြောင်း ထောက်ခံချက်ခ ၁၀၀၀ ကျပ်တို့ကိုသာကောက်ခံကြောင်း မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနကသိရသည်။

တိုင်းကျော်သယ်လိုလျှင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်)သို့ ထောက်ခံချက်ဖြင့် အဆင့်ဆင့်တင်ပြရပြီး မွေးမြူရေးခြံပြောင်း၊ သားသတ်လုပ်ငန်းနှင့်ကုန်သွယ်မှုတို့အတွက် သယ်ဆောင်ခွင့်ပြုနေကြောင်း၊ တိုင်းကျော်သယ်လျှင် ကာကွယ်ဆေးထိုးနှံခ၊ တိရစ္ဆာန်ကျန်းမာကြောင်း ထောက်ခံချက်ခတို့အပြင် တိုင်းအစိုးရက ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၅၀၀၀ ကောက်ခံကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာမောင်မောင်စိုးဦးထံက သိရှိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/3265-buffalo-for-livestock-farmers-good-news-for-cattle-transport.html

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အကြီးအကဲရာထူးအတွက် ကိုယ်စားလှယ်လောင်း (၈)ဦးမှ အကြိတ်အနယ်ယှဉ်ပြိုင်နေကြခြင်း

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization – WTO) ၏ အကြီးအကဲရာထူး အတွက် ယခင်က အီဂျစ်နိုင်ငံ၊ မက်ဆီကိုနိုင်ငံ၊ မော်ဒိုဗာနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကုန်သွယ်ရေးနှင့်စီးပွားရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်လောင်းလျာ(၅)ဦးက အမည်စာရင်းတင်သွင်းထားသော်လည်း သတ်မှတ်နောက်ဆုံးရက်Deadlineဖြစ်သည့်(၈-၇-၂၀၂၀) ရက်နေ့တွင် အခြားနိုင်ငံများမှ ကိုယ်စားလှယ်လောင်း(၃)ဦးတို့က အမည်စာရင်းထပ်မံတင်သွင်းခဲ့ပြီး၊ စုစုပေါင်း ကိုယ်စားလှယ်လောင်း(၈)ဦးမှ WTO ၏အကြီးအကဲရာထူးအတွက်အကြိတ်အနယ်ယှဉ်ပြိုင်လျက် ရှိကြောင်း သိရှိရပါသည်။

အဆိုပါရာထူးအတွက် အမည်စာရင်းတင်သွင်းရမည့် Deadline မတိုင်မီ (၂၄) နာရီအတွင်းတွင်မှ အမည်စာရင်း တင်သွင်းလာသူ (၃)ဦးမှာ ဗြိတိန်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး အတွင်းရေးမှူး Dr. Liam Fox ၊ ဆော်ဒီအာရေဗျ နိုင်ငံ၏ စီးပွားရေးဝန်ကြီးဟောင်း Mr. Mohammed al-Tuwaijri နှင့် ကင်ညာနိုင်ငံ၏ WTO အထွေထွေကောင်စီဥက္ကဋ္ဌဟောင်း Ms. Amina Mohammed တို့ဖြစ်ကြောင်း၊ WTO General Council အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁၅) ရက်မှ (၁၇) ရက်အတွင်း စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသည့်ကမ္ဘာ့စီးပွားရေးအပေါ်မည်ကဲ့သို့ စီမံဆောင်ရွက်သွားမည်ဆိုသော အမည်စာရင်းတင်သွင်းထားသော ကိုယ်စားလှယ်များ၏တင်ပြမှုများကိုကြားနာ၍ စိစစ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

"ကမ္ဘာကြီးသည် COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် တွေ့ကြုံနေရသည့်စိန်ခေါ်မှုများမှ ပြန်လည်နာလန်ထူနိုင်ရေး ကြိုးပမ်းရလျက်ရှိသည့်အားလျော်စွာ လွတ်လပ်၍ ထင်သာမြင်သာရှိပြီး တရားမျှတသော ကုန်သွယ်ရေး၏ အခန်းကဏ္ဍသည်သာ အရေးကြီးဆုံးဖြစ်ကြောင်း၊ Dr. Liam Fox အနေဖြင့် နိုင်ငံအားလုံးအတွက် အကျိုးရှိစေမည့် ကမ္ဘာ့ကုန်သွယ်ရေးစနစ်တစ်ရပ်အတွက် လိုအပ် သည့် ပြုပြင်ပြောင်းလဲမှုများ ကောင်းစွာ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း " စသည်ဖြင့် ဗြိတိန်နိုင်ငံ၊ ဝန်ကြီးချုပ်

Boris Johnson မှ WTO သို့ ပေးပို့သော Dr. Liam Fox ကို WTO အကြီး အကဲအဖြစ် အဆိုပြုသည့်စာတွင် ထည့်သွင်း ဖော်ပြထားကြောင်း သိရှိရပါသည်။

WTO အကြီးအကဲအသစ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဝန်ကြီးများအဆင့် ညီလာခံအပါအဝင် ကုန်သွယ်ရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းဆွေးနွေးပွဲများကို ပြန်လည်အသက်ဝင်စေရေး ဆောင်ရွက်ရမည်ဖြစ်သည့်အပြင်၊ WTO ၏လက်ရှိအဓိက အရေးပါသည့် ကိစ္စတစ်ရပ်ဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးကောင်းမွန်စေရေး ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲဆိုင်ရာ မြင့်တက်နေသည့် တင်းမာမှုများ၏ ရိုက်ခတ်မှုများသည်လည်း WTO ကို အဓိက ခေါင်းခဲစေသည့်ကိစ္စရပ်ပင်ဖြစ်ကြောင်း၊ WTO ကိုစွန့်ခွာရန် အမေရိကန်ပြည်ထောင်စု၏ ခြိမ်းခြောက်အသိပေးမှုက WTO ၏အငြင်းပွားမှုဆိုင်ရာစေ့စပ်ညှိနှိုင်းမှု ဆွေးနွေးပွဲများကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကတည်းက ရပ်တန့်စေခဲ့ပြီး၊ အမေရိကန်ပြည်ထောင်စုက တရုတ်ပြည်သူ့သမ္မတ နိုင်ငံအား စီးပွားရေးဖွံ့ဖြိုးဆဲအဆင့် (Developing Economies Category)မှ ထုတ်ပယ်ရန် ဖိအားပေးလျက် ရှိကြောင်း သိရှိရပါသည်။

ထို့ပြင် WTO ၏ အကြီးအကဲအဖြစ် တာဝန်ယူဆောင်ရွက်နေသော ဘရာဇီးသံတမန် ဖြစ်သူ Mr. Roberto Azevêdo က ၎င်း၏ရာထူးအား တစ်နှစ်စော၍ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် နုတ်ထွက်တော့မည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ မေလအလယ်တွင် အံ့အားသင့်ဖွယ်ရာ ကြေညာခဲ့ပြီးသည့်နောက် ဂျီနီဗာအခြေစိုက်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အနေဖြင့် မကြာမီသက်တမ်းကုန်ဆုံးတော့မည့် ညွှန်ကြားရေးမှူးချုပ်၏နေရာကိုအစားထိုးနိုင်ရန် အကြီးအကဲရွေးချယ်ရေးအတွက် ပုံမှန်ထက်ဆောလျင်စွာ (၃)လအတွင်း ရွေးကောက်တင်မြှောက်ရေးကို အလျင်အမြန်ဆောင်ရွက်လျက်ရှိကြကြောင်း၊ WTO အကြီးအကဲအသစ် ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် ကိုယ်စားလှယ်လောင်းများအပေါ် အများ၏သဘောတူညီမှုနှင့် ထောက်ခံမှုတို့အပေါ်တွင် များစွာ မူတည်ကြောင်းသိရှိရပါသည်။ WTO ကို စတင်တည်ထောင်ခဲ့သည့် ၁၉၉၅ ခုနှစ်မှစ၍ အကြီးအကဲ(၃)ဦးသည် ဥရောပ ဒေသမှဖြစ်ပြီး၊ အာရှနှင့် တောင်အမေရိကဒေသတို့မှ တစ်ဦးစီအလှည့်ကျ တာဝန်ထမ်းဆောင်ခဲ့ကြပါကြောင်း၊ အာဖရိကဒေသအနေဖြင့် ကမ္ဘာ့ ကုန်သွယ်မှုရေးရာအကြီးအကဲနေရာအတွက် တာဝန်ထမ်းဆောင်ရန် အခွင့်အရေးမရရှိခဲ့သေးကြောင်း၊ WTO တွင် ထိုကဲ့သို့ ဒေသဆိုင်ရာ အလှည့်ကျတာဝန်ပေးအပ်သည့် စည်းမျဉ်းမျိုးမရှိခဲ့သော်လည်း ယခုတစ်ကြိမ်တွင် အာဖရိကဒေသအနေဖြင့် အခွင့်အရေးရရှိနိုင်ရန် မျှော်လင့်နေကြကြောင်းလည်းသိရှိရပါသည်။

အသက်(၆၇)နှစ်အရွယ်ရှိ Mr. Abdel-Hamid Mamdouh သည် ဆွစ်ဇာလန်လူမျိုး၊ WTO အကြီးတန်းအရာရှိဟောင်းဖြစ်ပြီး အာဖရိကသမဂ္ဂမှ ကျောထောက်နောက်ခံပြုထားသူ ပြိုင်ဖက် တစ်ဦးဖြစ်ကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံ၏ Dr. Ngozi Okonjo-Iweala ကိုထောက်ခံ၍ ယင်းကို ဆန့်ကျင်ခြင်းသည် အာဖရိကသမဂ္ဂနှင့် ဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြစ်ပေါ်စေကြောင်း၊ မည်သို့ပင်ဖြစ်စေ အသက် (၆၆)နှစ်အရွယ်ရှိ Dr. Ngozi Okonjo-Iweala အနေဖြင့် အာဖရိကဒေသ ၏ထောက်ခံမှုအရှိန် တိုးပွားလျက်ရှိသည်ကို သံတမန်အသိုက်အဝန်းများထံမှ ကြားသိရကြောင်း၊ ကမ္ဘာ့ဘဏ်၏ ဒုတိယအကြီးအကဲဟောင်းကလည်း WTO တွင် အမျိုးသမီးအကြီးအကဲ မခန့်ထားဖူးသေးသည့်အတွက်အနာဂတ်အကြီးအကဲကိုအမျိုးသမီးအဖြစ် မျှတစွာရွေးချယ် သင့်ကြောင်း၊ အနာဂတ် WTO ၏အကြီးအကဲသည် အမျိုးသမီးသော်လည်းကောင်း၊ အာဖရိကဒေသမှသော်လည်းကောင်း ရွေးချယ်ခံရလျှင် ကောင်းမွန်သည့်ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်သည်ဟု ၎င်းက ၂၀၂၀ ပြည့်နှစ်၊ ဇွန်လနှောင်းပိုင်းက ဂျနီဗာမြို့တွင် ပြုလုပ်သည့် Virtual Conference တစ်ခုတွင် သတင်းထောက်များကို ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

ကင်ညာနိုင်ငံမှ အသက် (၅၈)နှစ်အရွယ်ရှိ Ms. Amina Chawahir Mohamed သည် ၂၀၁၃ ခုနှစ်တွင်လည်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့ဘူးကြောင်း၊ တောင်ကိုရီးယားနိုင်ငံမှ အသက်(၅၃) နှစ် အရွယ်ရှိ ကုန်သွယ်ရေးဝန်ကြီး Ms. Yoo Myung-Hee သည်လည်း အမျိုးသမီးပင် ဖြစ်သည့် အတွက် ယခုတစ်ကြိမ်တွင် WTO အကြီးအကဲရာထူးအတွက် အာဖရိကဒေသမှ (၃)ဦးဖြစ်ပြီး၊ အမျိုးသမီး အနေဖြင့်(၃)ဦး ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်ကြောင်း၊ ဝင်ရောက်အရွေးခံမည့် ကိုယ်စားလှယ်လောင်း (၈)ဦး အနက် မော်ဒိုဗာနိုင်ငံမှ Mr. Tudor Ulianovschi သည် အသက်(၃၇) နှစ်ဖြင့် အသက်အငယ်ဆုံးဖြစ်ပြီး မက္ကဆီကိုနိုင်ငံမှ Dr. Jesus Seade Kuri သည် အသက်(၇၃) နှစ်ဖြင့် အသက်အကြီးဆုံးဖြစ်ကြောင်း၊ မက္ကဆီကိုနိုင်ငံအနေဖြင့် ကမ္ဘာ့ဘဏ်နှင့်အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့တို့တွင်လည်း တာဝန်ထမ်းဆောင်ခဲ့ကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## အိန္ဒိယနိုင်ငံ၌ လေဆိပ် ၃ ခုအား အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းစီးပွားရေးလုပ်ငန်းအဖြစ်သို့ ပြောင်းလဲလုပ်ကိုင်မည်

ဝန်ကြီးချုပ်နာရင်ဒရာမိုဒီက ဥက္ကဋ္ဌအဖြစ်ပါဝင်ဆောင်ရွက်သည့် အိန္ဒိယနိုင်ငံအစိုးရဝန်ကြီးအဖွဲ့သည် အိန္ဒိယလေဆိပ်များအာဏာပိုင်အဖွဲ့ (AAI) ၏ စီမံခန့်ခွဲမှုဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ရာဂျပ်စတန်ပြည်နယ်၊ အာသံပြည်နယ်နှင့် ကီရာလာပြည်နယ်တို့ရှိ အစိုးရပိုင် Jaipur ၊ Guwahati နှင့် Thiruvananthapuram အပြည်ပြည်ဆိုင်ရာလေဆိပ်များအား အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းစီးပွားရေးလုပ်ငန်းအဖြစ်သို့ ပြောင်းလဲလုပ်ကိုင်ရန် ၁၉.၈.၂၀၂၀ နေ့၌ ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

အိန္ဒိယပုံနှိပ်ရေးနှင့်သတင်းအချက်အလက်ဗျူရို (PIB) က သတင်းထုတ်ပြန်ရာတွင် အဆိုပါအပြည်ပြည်ဆိုင်ရာလေဆိပ် ၃ ခု၏ လုပ်ငန်းလည်ပတ်မှု၊ စီမံခန့်ခွဲမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုလုပ်ငန်းများအား AAI ၏ နိုင်ငံတကာတင်ဒါခေါ်ယူမှုတွင် အောင်မြင်ခဲ့သည့် ပြည်တွင်းရှိ Adani Enterprises လီမိတက်နှင့်ပူးပေါင်းအဖွဲ့သို့ နှစ် ၅၀ ငှားရမ်းသည့် စနစ်ဖြင့် အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းစီးပွားရေးလုပ်ငန်း (PPP) အဖြစ်သို့ ဆောင်ရွက်ခွင့်ပြုရန် အဆိုပြုတင်ပြချက်အား အစိုးရဝန်ကြီးအဖွဲ့က အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ၌ အစိုးရပိုင်လေဆိပ်များအား အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ခြင်းကို လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုကတည်းကပင် ဒေလီမြို့တော်နှင့် မွန်ဘိုင်းမြို့တို့၌ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ AAI အနေဖြင့် ထိုသို့ PPP စနစ်ဖြင့် ဆောင်ရွက်မှုမှ ရရှိသောဝင်ငွေအား ပြည်တွင်းရှိ အဆင့်-၂ (Tier-2) နှင့် အဆင့်-၃ (Tier-3) အဆင့်သတ်မှတ်ထားသည့်မြို့များရှိ နိုင်ငံပိုင်လေဆိပ်များအား နိုင်ငံတကာအဆင့်မီလေဆိပ်များအဖြစ် အဆင့်မြှင့်တင်ရာ၌ အသုံးပြုလျက်ရှိကြောင်း၊ လက်ရှိကာလ၌ အိန္ဒိယနိုင်ငံရှိ PPP စနစ်လေဆိပ်များသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များကောင်စီ (Airports Council International) ၏ ထိပ်တန်းအဆင့် (၅) သတ်မှတ်ချက်၌ပါဝင်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အိန္ဒိယအစိုးရသည် နိုင်ငံပိုင်လေဆိပ်အချို့အား PPP စနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

အိန္ဒိယလေဆိပ်များအာဏာပိုင်အဖွဲ့သည် အဆိုပါလေဆိပ် ၃ ခုအား အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းလုပ်ငန်းအဖြစ်ဆောင်ရွက်ရန် နိုင်ငံတကာလုပ်ငန်းရှင်များထံမှ အဆိုပြုလွှာခေါ်ယူခြင်းကို ၁၄.၁၂.၂၀၁၈ နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး နည်းပညာဆိုင်ရာအဆင့် တင်ဒါဖွင့်လှစ်ခြင်းကို ၁၆.၂.၂၀၁၉ နေ့တွင်လည်းကောင်း၊ ငွေကြေးအဆင့်တင်ဒါဖွင့်လှစ်ခြင်းကို ၂၆.၂.၂၀၁၉ နေ့တွင်လည်းကောင်းဆောင်ရွက်ခဲ့ရာ Adani Enterprises လီမိတက်နှင့်ပူးပေါင်းအဖွဲ့က တင်ဒါအောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။

**Source:** Cabinet approves proposal for leasing out three airports – Jaipur, Guwahati and Thiruvananthapuram – of Airports Authority of India through Public Private Partnership, 19 Aug 2020, Press Information Bureau of India

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## ၂၀၀၇ ခုနှစ်နောက်ပိုင်း ကမ္ဘာ့ကုန်သွယ်မှု အနိမ့်ဆုံးအဆင့် ကျဆင်းခဲ့ခြင်း

၂၀၂၀ ပြည့်နှစ်၏ ဒုတိယသုံးလပတ်တွင် ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုသည် ၂၀၀၇ ခုနှစ် နောက်ပိုင်း အနိမ့်ဆုံးအဆင့်သို့ ကျဆင်းခဲ့ကြောင်းနှင့် V ပုံသဏ္ဍာန်ဖြင့် ပြန်လည်နိုးထနိုင်မည့် ခန့်မှန်းချက်များသည် အကောင်းမြင်လွန်းသည့် အခြေအနေဖြစ်နိုင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့(World Trade Organization-WTO) ကပြောကြားခဲ့သည်။ ယခုနှစ်၏ ဒုတိယသုံးလပတ်ကာလအတွင်း ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုသည် သမိုင်းဝင်ကျဆင်းမှုဖြစ်ခဲ့ပြီး၊ ၂၀၀၈ ခုနှစ် ဘဏ္ဍာရေး အကျပ်အတည်း ကာလ၏ အဆင့်သို့ရောက်ရှိခဲ့ကြောင်း၊ ကိန်းဂဏန်းများအရ ကမ္ဘာ့ကုန်သွယ်မှုကျဆင်းခြင်းသည် ၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် အနိမ့်ဆုံးအဆင့်အဖြစ်မှတ်တမ်းဝင်ခဲ့ကြောင်း WTO က ပြောကြားခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ထုတ်ပြန်ခဲ့သည့် “goods trade barometer” တွင် ကမ္ဘာ့ကုန်သွယ်မှု၏ အချိန်နှင့်တပြေးညီဖြစ်ပေါ်နေသည့် ဦးတည်ရာလမ်းကြောင်းကို ခန့်မှန်းနိုင်ရန်အတွက် မကြာသေးမီက ကုန်သွယ်မှုစီးဆင်းမှု အခြေအနေများကို ထည့်သွင်းစဉ်းစားထားသည်။ ယင်း goods trade barometer အရ ကမ္ဘာ့ကုန်သွယ်မှုအခြေအနေသည် ၈၄ ဒသမ ၅ တွင်ရှိပြီး baseline value ၁၀၀ ထက် ၁၅ ဒသမ ၅ လျော့နည်းခဲ့ကြောင်း မော်တော်ယာဉ်ပစ္စည်းများနှင့် လေကြောင်းမှ

ကုန်စည်ပို့ဆောင်မှုတို့သည် အထိနာဆုံးဖြစ်ခဲ့ကြောင်း သိရသည်။ goods trade barometer အရ baseline value ၁၀၀ အထက်တွင်ရှိပါက ကုန်သွယ်မှုသည် above trend ဖြစ်ပြီး၊ ၁၀၀ အောက်တွင်ရှိလျှင် below trend ဖြစ်သည်။

အဆိုပါထုတ်ပြန်ခဲ့သည့် အချက်အလက်များသည် ၂၀၂၀ ပြည့်နှစ်၊ ဒုတိယသုံးလပတ်တွင် ကုန်စည်ကုန်သွယ်မှု ၁၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ကျဆင်းနိုင်မည်ဟု ခန့်မှန်းထားခဲ့သည့် ယခင်ခန့်မှန်းချက်များနှင့်ကိုက်ညီမှုရှိကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကဆိုသည်။ လာမည့်နှစ်တွင် ကမ္ဘာ့ကုန်သွယ်မှု ပြန်လည်နာလန်ထူလာနိုင်မည့် လက္ခဏာများရှိသော်လည်း ပြန်လည်နိုးထနိုင်မှုသည် မျှော်မှန်းထားသည်ထက်ပို၍အချိန်ယူရနိုင်ကြောင်း၊ COVID-19 ကပ်ရောဂါ၏ စီးပွားရေးဆိုင်ရာ ပြင်းထန်သည့်ထိုးနှက်ချက်များကြောင့် ၂၀၂၁ ခုနှစ်တွင် V ပုံသဏ္ဍာန်ဖြင့် စီးပွားရေးပြန်လည်နိုးထနိုင်မည်ဟု ခန့်မှန်းချက်များသည် အကောင်းမြင်လွန်းသည့် အနေအထားဖြစ်နိုင်ပြီး၊ L ပုံသဏ္ဍာန်ဖြင့် စီးပွားရေးပြန်လည်နိုးထနိုင်မှုသည် အမှန်တကယ်ဖြစ်ပေါ်နိုင်သည့် အလားအလာဖြစ်ကြောင်း WTO က ပြောကြားခဲ့သည်။

**Source: Politico၊ www.wto.org**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## STOCK EXCHANGE (1.9.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 1st Sep. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +100 | +1.02% | 9,900 | 9,900 | 9,900 | 790 | 7,821,000 | 27,112,747 | 268,416 |
| MTSH | 00002 | 3,650 | -50 | -1.35% | 3,650 | 3,650 | 3,600 | 4,656 | 16,875,200 | 38,929,150 | 142,091 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 22,000 | +500 | +2.33% | 21,500 | 22,000 | 21,500 | 56 | 1,205,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,750 | 2,750 | 2,700 | 440 | 1,208,000 | 12,823,224 | 34,623 |
| EFR | 00006 | 3,100 | +50 | +1.64% | 3,100 | 3,100 | 3,100 | 150 | 465,000 | 19,977,223 | 61,929 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 431.85 | +2.02 | +0.47% | 430.35 | 431.85 | 429.87 | 6,092 | 27,574,200 | 6 | 642,572 |

**Index chart**



## Market Overview

As of 1:00 pm, 1st Sep. 2020

| MYANPIX | 431.85 ▲ 2.02 |
|---|---|
| Total Volume (shares) | 6,092 |
| Total Value (MMK) | 28 mil |
| Listed Company | 6 |
| Market Cap. (MMK) | 642,572 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 100 |
| MTSH | 00002 | 3,650 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 500 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 3,100 | ▲ 50 |

TIR